**I F B N C**

INTERNATIONAL FOUNDATION FOR BURMA NATIONAL CONGRESS

USA Office Info
15 John Street,
Apt # 2
Rensselaer,
New York 12144
USA

Canada
706 # 40
Panorama CRT,
ON, M9V 4M1,
Toronto,
Canada.

India Office
F34, VIKASPURI,
New Delhi,
India-110018
Ph- 9810102993
9818365220

Japan Office
Sugamo1-24-5
[701]Belakyo,
Toshima-ku,
Tokyo,
Japan

Netherland
Lindenlaan 82
1185 NB
Amstelveen
The Netherland
+ 31 20 640 3687
+ 31 6 1339 6459

USA, Esat Coast,
73 -11, 41 Ave
1st Flow,
Woodside,
NY 11377
USA (347) 226-0572

USA, West Coast
2395 26th Ave, # 3
SF, CA 94116
USA
(415) 203-0541

## မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ (၆၅)နှစ်ပြည့် မွေးနေ့အခါသမယတွင် မိမိတို့ ( International Foundation for Burma National Congress – IFBNC )မှ မွေးနေ့ဆုတောင်းသဝဏ်လွှာနှင့် နယူးယောက်မြို့ နအဖစစ်သံရုံးမှ သံအရာရှိတဦး၏ ရိုင်းပြသောအပြုအမူအား ရှုတ်ချကြောင်း ထုတ်ပြန်ကြေညာချက်

ဇွန်လ ၂၀ ၊ ၂၀၁၀

( ၁ ) ၆၅ နှစ်ပြည့် ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့အခါသမယကို ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ပြည်တွင်းတွင်လည်း ကျင်းပကြသည်။ အမေရိကန်သမ္မတ မစ္စတာအိုဘားမားက အဖမ်းဆီးခံနေရဆဲ ဒေါ်အောင်ဆန်းစုကြည်အား အမြန်ဆုံးလွှတ်ပေးရေးနှင့် မြန်မာနိုင်ငံရေးတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးကို မရှိမဖြစ်သောခြေလှမ်းတရပ်အနေဖြင့် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ တွေ့ဆုံဆွေးနွေးပွဲကိုလည်း ပြုလုပ်ရန်တိုက်တွန်းကြောင်း မွေးနေ့ဆုတောင်းကြေညာချက်မှာ ထုတ်ပြန်ထားပါသည်။ ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်း ၊ တိဘက်ဘုန်းတော်ကြီး ဒလိုင်းလားမား ၊ နိုဗယ်ငြိမ်းချမ်းဆုရှင် အမျိုးသမီးများအဖွဲ့၊ ကုသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း မစ္စတာကိုဖီအာနန်နှင့် လက်ရှိကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း အပါအဝင် နိုင်ငံတကာ ထိပ်သီးခေါင်းဆောင်များအပြင် ပြည်တွင်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် မိုးကုတ်မဲဆန္ဒနယ်မှ ဒေါ်မေနှင်းကြည် နေအိမ်တို့တွင် ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့ပွဲများကို ပြုလုပ်ကျင်းပခဲ့ကြပါသည် ။

( ၂ ) မိမိတို့ နိုင်ငံတကာမြန်မာအမျိုးသားကွန်ဂရက်ဖေါင်းဒေးရှင်း INTERNATIONAL FOUNDATION FOR BURMA NATIONAL CONGRESS (IFBNC )မှ နယူးယောက်ပြည်နယ် (Buffalo) မြို့တွင် ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့ပွဲအား ( ၁၈၊ ၆၊ ၂၀၁၀)နေ့၌ ကျင်းပခဲ့ရာ (Buffalo) မြို့တော်ဝန် (Mr Byron W-Brown)က တက်ရောက်ချီးမြှင့်ခဲ့သည် ။ မြို့တော်ဝန်မှ ယခုကဲ့သို့ ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့အခါသမယတွင် ဆုတောင်းပေးရ၍ အထူးဝမ်းမြောက်ကြောင်း၊ မတရားဖမ်းဆီးခံနေရသော ဒေါ်အောင်ဆန်းစုကြည်အား အမြန်ဆုံးလွတ်မြောက်ပါရန် ဆုတောင်းပေးပါကြောင်းနှင့် မြန်မာနိုင်ငံဒီမိုကရေစီရရှိရေးအတွက် အဖက်ဖက်မှ အစွမ်းကုန်ထောက်ပံ့ကူညီသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ (IFBNC ) မှ (Board of Director) ဥက္ကဌ ဦးထွန်းအောင်ကျော် ( ယခင် ABSDF ဥက္ကဌဟောင်း )မှလည်း မတရားဖမ်းဆီးခံနေရသော ဒေါ်အောင်ဆန်းစုကြည်အား စစ်အစိုးရမှ အမြန် ဆုံးလွှတ်ပေးရန် တောင်းဆိုကြောင်းနှင့် (၆၅)နှစ်ပြည့် မွေးနေ့အခါသမယတွင် ဒေါ်အောင်ဆန်းစုကြည် ကျမ်းမာချမ်းသာရှိစေရန် ဆုတောင်းမေတ္တာပို့သခဲ့သည်။

( ၃ ) တချိန်တည်းတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ အထူးလေးစားချစ်ခင်သော မတရားဖမ်းဆီးခံနေရသည့် နိုဗယ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့အခါသမယ ဆုတောင်းပွဲနှင့် စစ်အစိုးရမှ ဒေါ်အောင်ဆန်းစုကြည်အား အမြန်ဆုံးလွှတ်ပေးရန် နယူးယောက်မြို့ မြန်မာနအဖ စစ်သံရုံးရှေ့တွင် တောင်းဆိုဆန္ဒပြနေကြစဉ် ဒေါ်အောင်ဆန်းစုကြည်၏ ဓါတ်ပုံအား ခြေထောက်နှင့် နင်းခြေကြေမွသူ မြန်မာနအဖ စစ်သံရုံးအမှုထမ်းတဦး၏ ရိုင်းပြသောအပြုအမူကို မိမိတို့မှ ပြင်းထန်စွာ ရှုတ်ချလိုက်သည် ။ လူမျိုးခြားများကပါ ဂုဏ်ပြုချီးမွမ်းခြင်းခံရသော ဒေါ်အောင်ဆန်းစုကြည်၏ဓါတ်ပုံကို ဤကဲ့သို့ ခြေထောက်ဖြင့် ရိုင်းပြစွာ နင်းခြေကန်ကျောက်မှုသည် ခွင့်လွှတ်နိုင်သော သည်းခံခြင်းတရား၏ အတိုင်းအတာတခုကို ကျော်လွန်ခြင်းဖြစ်သည် ။ သံခင်းတမံခင်းအရ အောက်တန်းကျလှသော ဤအပြုအမူမျိုးသည် ကမ္ဘာ့နိုင်ငံများ၏ နိုင်ငံတကာသံတမန် ဥပဒေများနှင့် အထူးဆန့်ကျင်သွေဖီနေသည်။ သို့ဖြစ်၍ ဂုဏ်သရေမဲ့လှစွာသော စစ်အစိုးရ၏ သံရုံးဝန်ထမ်းတဦး၏လုပ်ရပ်အား မိမိတို့ (IFBNC)မှ ပြင်းထန်စွာ ရှုတ်ချကန့်ကွက်လိုက်ကြောင်း ကြေညာချက် ထုတ်ပြန်လိုက်ပါသည် ။

သတင်းပြန်ကြားရေးနှင့် စည်းရုံးရေးကော်မတီ
နိုင်ငံတကာ မြန်မာအမျိုးသားကွန်ကရက်ဖောင်ဒေးရှင်း
International Foundation For Burma National Congress (IFBNC)